


# အမျိုးသမီးများဆိုင်ရာ သတင်းသုံးသပ်ချက် စာတမ်း

## ၂၀၂၃ ခုနှစ် ဇန်နဝါရီလ မှ မတ်လထိ

### ၁။ အနှစ်ချုပ်

ဇန်နဝါရီလမှ မတ်လ ၃ လတာအတွင်း ထူးခြားဖြစ်စဉ်များအဖြစ် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) နှင့် The Salween Institute for Public Policy (SIPP) မှ ဦးဆောင်ပြု လုပ်ခဲ့သည့် **ဖိုဝါဒလွှမ်းမိုးသော စကားဝိုင်းများ ဓာတ်ပုံပြပွဲ**၊ စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ်၊ တာတိုင်ကျေးရွာတွင် အကြမ်းဖက် စစ်ကောင်စီမှ သတ်ဖြတ်ခဲ့သည့် **အမျိုးသမီး (၃) ဦး၏ ရုပ်အလောင်းများတွင် အဝတ်အစား များ ဖြဲစုတ်ထားခြင်းများနှင့်အတူ မုဒိမ်းပြုကျင့် ခံရသည့် လက္ခဏာများတွေ့ရှိရခြင်း**နှင့် **အိုးဘိုထောင်အတွင်း အမျိုးသမီး နိုင်ငံရေး အကျဉ်းသူများ**ဆိုးရွားစွာ ဖိနှိပ်ညှဉ်းပမ်းခံနေရပြီး **မိသားစုဝင်များနှင့် တွေ့ဆုံခွင့်၊ ပါဆယ် လက်ခံခွင့်နှင့် ဆေးကုသခွင့်**များကို ပိတ်ခံရသည့်အပြင် **သောက်သုံးရေ ဖြတ်တောက်ခံထားရသဖြင့် အိမ်သာရေကိုသာ သောက်သုံးနေရခြင်း** စသည့်တို့ကို တွေ့ရသည်။

မတ်လ ၈ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ဖြစ်သည့်အားလျော်စွာ ဇန်နဝါရီလမှ မတ်လအတွင်းတွင် အမျိုးသမီးများ၏ ကျား၊မ တန်းတူညီမျှရေး၊ နိုင်ငံရေးလှုပ်ရှားမှုများနှင့် ဖိုဝါဒကြီးစိုးမှုများ ပပျောက်ရေးအတွက် လှုပ်ရှားမှုများကို ထင်ထင်ရှားရှားတွေ့မြင်ရသည်။ တချိန်တည်းတွင် အမျိုးသမီးများ၏ နိုင်ငံရေးပါဝင်မှုများကြောင့် ဖိနှိပ်ညှဉ်းပန်း ခံရမှုများနှင့် အကြမ်းဖက်ခံရမှုများလည်း ၃ လတာအတွင်း တွေ့ မြင်ရပါသည်။ အကြမ်းဖက်စစ်တပ်၏ မတရားအာဏာသိမ်းရန် ကြိုးပမ်းမှုကြောင့် ပျက်ယွင်းနေသည့် အစိုးရစနစ်များအောက်တွင် အမျိုးသမီးအခွင့်အရေးချိုးဖောက်ခံရမှုများနှင့် အကြမ်းဖက်ခံရမှုများအတွက် တရားမျှတမှုရရှိရေးမှာလည်း မျှော်လင့်ချက်ကင်းမဲ့ နေသည့် အခြေအနေတွင် ဖြစ်နေသည်။

ယခုသုံးသပ်ချက် စာတမ်းတွင် ပါရှိသည့် အချက်အ လက်ကိန်းဂဏန်းများသည် ခိုင်လုံသော သတင်းမီဒီယာများမှ ထုတ်ဖော်ရေးသားသည့် သတင်းအချက်အလက်များအပေါ် အခြေခံ၍ မြန်မာ့အမျိုးသမီးသမဂ္ဂမှ စုစည်း၍ သုံးသပ်တင်ပြထားခြင်း ဖြစ်ပါသည်။ လက်တွေ့မြေပြင် အခြေအနေတွင် သတင်းအချက်အလက် စီးဆင်းမှုများ၌ စိန်ခေါ်မှုများ ရှိသောကြောင့် မိမိတို့အနေဖြင့် လက် လှမ်းမှီရန် အခက်အခဲများ ရှိသဖြင့် ကိန်းဂဏန်းများသည် ယခု ထက်ပို၍ များနိုင်ပါသည်။

> ***Manel Watch ပြပွဲလုပ်မယ် ဆိုတော့ တော်တော်များများက အမျိုးသမီးတွေ စုပြီး အမျိုးသားတွေကို ဖွဲ့တော့မယ့်ပွဲလို့ မြင်ကြပါတယ်။ တကယ်တော့ ဒီပွဲကို စီစဉ်ရတာဟာ ကျမတို့ အမျိုးသမီးတွေက အမျိုးသားတွေကို ခြိမ်းခြောက်ဖို့မဟုတ်ပဲ ဖိုဝါဒ ကြီးစိုးမှုကို တိုက်ဖျက်ဖို့၊ ကျား-မ တန်းတူညီမျှရေးကို ဝိုင်းဝန်းအဖြေရှာဖို့ အတူလက်တွဲကြရအောင်လို့ လက်တွဲခေါ်ခြင်းသာ ဖြစ်ပါတယ်။***

## ၂။ အမျိုးသမီးများ အခြေအနေ

### ၂.၁။ အမျိုးသမီးများ၏ နိုင်ငံရေး လှုပ်ရှားမှုများ

၂၀၂၃ ခုနှစ် မတ်လ ၈ ရက် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့တွင် အမျိုးသမီးများ၏ ဖိနှိပ်ခံရမှုများ၊ ခွဲခြားဆက်ဆံခံရမှုများနှင့် အမျိုးသမီးအခွင့်အရေး ချိုးဖောက်ခံရမှုတို့နှင့် ပတ်သက်သည့် စကားဝိုင်းများ၊ သပိတ်များနှင့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားများ ပြုလုပ်ကျင်းပကြသည်ကို တွေ့ရှိရသည်။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) နှင့် The Salween Institute for Public Policy (SIPP) တို့မှ ဦးစီး၍ **ဖိုဝါဒ လွှမ်းမိုးသော စကားဝိုင်းများ ဓာတ်ပုံပြပွဲ** (manel(s) watch) ကိုလည်း ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် မတ်လ (၅) ရက်နေ့မှ (၇) ရက်နေ့ထိ (၃) ရက်တာ ပြုလုပ်ခဲ့သည်။ ထိုပြပွဲတွင် အမျိုးသားများသာ ပါဝင်သော စကားဝိုင်းများ၏ ဓာတ်ပုံများ၊ ပိုစတာများကို ခင်းကျင်းပြသထား၍ ဖိုဝါဒီဆိုင်ရာ အကြောင်းအရာများကိုလည်း ရှင်းလင်းချက်များဖြင့် ခင်းကျင်း ပြသခဲ့သည်။

“Manel Watch ပြပွဲလုပ်မယ်ဆိုတော့ တော်တော်များများက အမျိုးသမီးတွေစုပြီး အမျိုးသားတွေကို ဖွဲ့တော့မယ့်ပွဲလို့ မြင်ကြပါတယ်။ တကယ်တော့ ဒီပွဲကိုစီစဉ်ရတာဟာ ကျမတို့ အမျိုးသမီးတွေက အမျိုးသားတွေကို ခြိမ်းခြောက်ဖို့မဟုတ်ပဲ ဖိုဝါဒ ကြီးစိုး

မှုကို တိုက်ဖျက်ဖို့ ကျား-မ တန်းတူညီမျှရေးကို ဝိုင်းဝန်းအဖြေရှာဖို့ အတူလက်တွဲ ကြရအောင်လို့ လက်တွဲခေါ်ခြင်းသာ ဖြစ်ပါတယ်” ဟု ပွဲစီစဉ်သူများမှ ထုတ်ပြန်ထားသည်။[1]

## ၂.၂။ အမျိုးသမီးများ၏ လုံခြုံရေး အခြေအနေ

၂၀၂၃ ခုနှစ် ဇန်နဝါရီလ မှ မတ်လအတွင်း မြန်မာ့အမျိုးသမီးသမဂ္ဂ ၏ သတင်းအချက်အလက် စုစည်း ချက်အရ အမျိုးသမီးများသည် အကြမ်းဖက်စစ်တပ် တပ်ဖွဲ့ဝင်များ၏ မတရား ဖမ်းဆီး၊ ထောင်ချခြင်းများအပြင် ရက်စက်စွာ သတ်ဖြတ်ခြင်းနှင့် မုဒိမ်းပြုကျင့်ခံရခြင်းများကို တွေ့ရှိရသည်။ အကြမ်းဖက်စစ်တပ်၏ တပ်မ ၉၉ သည် မတ်လ ၁ ရက် နှင့် ၂ ရက်နေ့တို့တွင် စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ်၊ တာတိုင်ကျေးရွာတွင် အမျိုးသမီး (၃) ဦး အပါအဝင် ဒေသခံ (၁၇) ဦးအား ကိုယ်လက်အင်္ဂါ ဖြတ်တောက်၍ သတ်ဖြတ်ခဲ့သည်။[2] သတ်ဖြတ်ခံရသည့် အမျိုးသမီးသုံးဦး၏ ရုပ်အလောင်းများတွင် အဝတ်အစားများ ဖြဲဆုတ်ထားခြင်းများနှင့်အတူ မိန်းမကိုယ်တွင် မုဒိမ်းပြုကျင့်ခံရသည့် လက္ခဏာများရှိနေကြောင်း သိရှိရသည်။[3]


> **“ပါဆယ်တစ်လ အပိတ်ခံရတယ်။ တိုက်ပိတ်ခံရတယ်။ ပြစ်ဒဏ်ဆောင်ကို ပို့ခံရတယ်။ ပါဆယ်ပေးခွင့် မရှိဘူး။ တွေ့ခွင့်မရှိဘူး။ သတင်းအမှောင် ချခံထားရတယ်။ သူတို့တွေက ဆေးကုသမှုတွေလည်း မရကြဘူး။ ရေကိုလည်း သုံးခွင့်မရှိဘူး။ အိမ်သာရေနဲ့ပဲ”**

ဖေဖော်ဝါရီလ ၃ ရက်၊ ညနေ ၃ နာရီခန့်တွင် မန္တလေးအိုးဘိုထောင်မှ အမျိုးသမီး အိပ်ဆောင် (၁) ရှိ နိုင်ငံရေးအကျဉ်းသူ တစ်ဦးအား ထောင်ဝန်ထမ်းများမှ မိုက်မိုက်ရိုင်းရိုင်း ပြောဆိုရိုက်နှက်ခဲ့သဖြင့် စကားများ ရန်ဖြစ်ခဲ့ကြသည်။ သို့သော်လည်း ထိုကိစ္စကို ထောင်အာဏာပိုင်များမှ ဖြေရှင်းခြင်း မပြုသည့်အပြင် ထောင်ဝန်ထမ်း အမျိုးသား (၁၅၀) ဦးခန့်ကို အမျိုးသမီးအိပ်ဆောင်သို့ စေလွှတ်၍ ရိုက်နှက်စေခဲ့ကြောင်း သိရှိရသည်။[4] ထိုသို့ဝင်ရောက် အကြမ်းဖက်ရိုက်နှက်မှုကြောင့် နိုင်ငံရေး အကျဉ်းသူ ၁၀၀ ကျော် ထိခိုက်ဒဏ်ရာ ရရှိခဲ့ပြီး ၂၁ ဦး ဒဏ်ရာအပြင်းအထန် ရရှိခဲ့သည်။ ထို့အပြင် အကျဉ်းသူ ၇၂ ဦးအား ပြစ်ဒဏ်ဆောင်သို့ ရွှေ့ပြောင်းသီးသန့်ထားရှိပြီး အကျဉ်းသူအချို့အား တိုက်ပိတ်ပြစ်ဒဏ် ပေးခဲ့သည်ဟု သိရှိရသည်။

---

[1] Delta News Agency, 5th March 2023. https://www.facebook.com/deltanewsagency/posts/pfbid02jV1aYhrPzzutGRoR81NVLcJxESaw4FaCHfEkr3qzFa7peisMhKbHqhbPpkXvnK7nl
[2] RFA Burmese, 7th March 2023. https://www.facebook.com/rfaburmese/posts/1174839723175634/
[3] RFA Burmese, 7th March 2023.
[4] Anti-junta Forces Coordination Committee – Mandalay, 7th March 2023. https://www.facebook.com/AFCCMandalay/posts/pfbid02qu5jNCMqggKq6oNah7MXJpJXudSxpZEMW2e3UgR5MFhk2eGyF3qxnJo7KPb9rHGMl

နောက်ဆက်တွဲ အနေဖြင့် အမျိုးသမီး နိုင်ငံရေး အကျဉ်းသူများသည် ထောင်ပြင်ပ မိသားစုဝင်များနှင့် တွေ့ဆုံခွင့်၊ ပါဆယ်များကို လက်ခံခွင့်နှင့် ဆေးကုသခွင့်များကို ပါ ပိတ်ပင်ခံနေရပြီး သောက်သုံးရေလည်း ဖြတ်တောက်ခံထားရသဖြင့် အိမ်သာ ရေကိုသာ သောက် သုံးနေကြရသည်။




"ပါဆယ်တစ်လ အပိတ်ခံရတယ်။ တိုက်ပိတ်ခံရတယ်။ ပြစ်ဒဏ်ဆောင်ကို ပို့ခံရတယ်။ ပါဆယ်ပေးခွင့်မရှိဘူး။ တွေ့ခွင့်မရှိဘူး။ သတင်းအ မှောင်ချခံထားရတယ်။ သူတို့တွေက ဆေးကုသမှုတွေလည်း မရကြဘူး။ ရေကိုလည်း သုံးခွင့်မရှိဘူး။ အိမ်သာရေနဲ့ပဲ" ဟု အိုးဘိုထောင်တွင် အကျဉ်းချခံထားရသည့် နိုင်ငံရေးအကျဉ်းသူ၏ မိသားစုဝင်မှ ဖြေကြားခဲ့သည်။[5]

အိုးဘိုထောင်တွင် နိုင်ငံရေးအကျဉ်းသူ အမျိုးသမီး စုစုပေါင်း ၃၃၆ ဦးရှိပြီး နိုင်ငံရေးအကျဉ်းသူအားလုံးနည်းပါးသည် တနည်း မဟုတ် တနည်းဖြင့် အကြမ်းဖက်ခံနေရပြီး သတင်းအစအနပျောက်နေသည့် အဖမ်းဆီးခံရသူများ လည်းရှိသည်ဟု သိရှိရသည်။[6]

## ၂.၃။ အမျိုးသမီးနှင့် စီးပွားရေး အခြေအနေ

မြန်မာနိုင်ငံ၏ စီးပွားရေး မတည်ငြိမ်မှုကို အဓိက ရင်ဆိုင်နေရသည့် အမျိုးသမီးများသည် မိသားစု စားဝတ်နေရေး ပြေလည်စေရန် ရရာအခွင့်အလမ်းများဖြင့် အလုပ်အကိုင်များ ရှာဖွေရန် ကြိုးပမ်းနေကြသည်။ အထူးသဖြင့် ကျေးလက်ဒေသမှ အမျိုးသမီးများသည် စစ်အာဏာသိမ်းမှုနောက်ပိုင်းတွင် စစ်ပဋိပက္ခများ ပိုမိုကျယ်ပြန့်လာသည့်အတွက် ရန်ကုန်နှင့် မန္တလေးမြို့များတွင် အလုပ်အကိုင်ရရှိရေး ကြိုးပမ်းနေကြသည်။ ထိုသို့ကြိုးပမ်းရာတွင် ကျေးလက်နေ အမျိုးသမီးများကို ဦးတည်၍ ပွဲစားများမှ ငွေလိမ်လည်မှုများ ရှိနေသည်။

[5] Anti-junta Forces Coordination Committee – Mandalay, 7th March 2023.
[6] Ayeyarwaddy Times, 7th March 2023. https://www.facebook.com/ayeyarwaddytimes/photos/a.509189952572344/2429775783847075

အကြမ်းဖက်စစ်တပ် နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ကြား တိုက်ပွဲများဖြစ်ပွားနေသော မကွေးတိုင်း ပေါက်မြို့နယ်မှ အသက် (၃၃) နှစ်အရွယ် သားတစ်ယောက်မိခင် မမော်လှိုင်သည် ရန်ကုန်မြို့တွင် အလုပ်လုပ်ရန် ပွဲစားနှင့်အတူ လိုက်ပါလာသော်လည်း ရန်ကုန်မြို့တွင် ပွဲစားမှ ငွေများ ယူသွားကာ လမ်းဘေးတွင် ထားခဲ့ခြင်းကို ခံခဲ့ရသည်။[7]

အထည်ချုပ်စက်ရုံမှ အမျိုးသမီးများသည်လည်း လုပ်ငန်းရှင်တို့၏ မတရားခေါင်းပုံဖြတ်ခြင်းနှင့် အလုပ်သမား အခွင့်အရေးများကို ဆုံးရှုံးနေကြရသည်။ ရန်ကုန်မြို့ လှိုင်သာယာစက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံးများတွင် ကိုယ်ဝန်ဆောင် အလုပ်သမားအချို့ကို မည်သည့်ခံစားခွင့်မှ မပေးပဲ အလုပ်ထုတ်မှုများ ရှိနေသည်ဟု သိရှိရသည်။[8] Dishang Fashion Garment တွင်လည်း အထည်စံချိန် အဆမတန် တိုးတောင်း၍ မပြည့်မှီပါက သတိပေး လက်မှတ်ထိုးစေပြီး ခွင့်ရက်မပေးခြင်းများ ပြုလုပ်သည့်အပြင် အပြစ်ပေးရာတွင်လည်း မတရားအပြစ်ပေးမှုများ ကြုံတွေ့နေကြရသည်။[9]

ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် အပြီးပိတ်သိမ်းလိုက်သည့် Guo Tai Garment Industrial Park နှင့် GY Sen အထည်ချုပ်စက်ရုံနှစ်ရုံကြောင့် အလုပ်သမား ၂၀၀၀ ကျော် အလုပ်လက်မဲ့ ဖြစ်ခဲ့ပြီး အခြားအထည်ချုပ်စက်ရုံများမှာလည်း အော်ဒါနည်းပါးလာခြင်းကြောင့် နောက်ထပ် ထွက်ခွာသွားရန်လည်း ရှိနေသည်။ ဆွစ်စလန်နိုင်ငံအခြေစိုက် နာမည်ကြီး စားသောက်ကုန်အမှတ်တံဆိပ် Nestle ကုမ္ပဏီမှာလည်း မြန်မာနိုင်ငံမှ ထွက်ခွာတော့မည်ဖြစ်ကြောင်း ကြေညာထားသဖြင့် ၂၀၂၃ နှစ်ဆန်းပိုင်းတွင် အလုပ်လက်မဲ့ဦးရေ သောင်းနှင့်ချီ ရှိလာနိုင်သည်။ ထိုအထည်ချုပ်စက်ရုံများနှင့် စက်မှုဇုံအတွင်း အလုပ်လုပ်ကိုင်နေသူ အများစုမှာ အမျိုးသမီးများဖြစ်သဖြင့် အမျိုးသမီးများ အလုပ်လက်မဲ့ အခြေအနေများနှင့် ရင်ဆိုင်နေရသည်။[10]

ပြည်တွင်း နိုင်ငံရေးနှင့် စီးပွားရေးအခြေအနေများ မငြိမ်သက်မှုများကြောင့် အိမ်နီးချင်းနိုင်ငံများသို့ အလုပ်အကိုင်ရှာဖွေရန်အတွက် မြန်မာနိုင်ငံသားများ အလုံးအရင်းဖြင့် ထွက်ခွာမှုများတွင် အမျိုးသမီးအများအပြားပါဝင်သည်။ ထိုသို့ ထွက်ခွာမှုများတွင် ငွေကြေးအမြောက်အများ ကုန်ကျသည့် တရားမဝင် နည်းလမ်းများဖြင့် ထွက်ခွာပြီး အိမ်နီးချင်းနိုင်ငံများ၏ အာဏာပိုင်များမှ ဖမ်းဆီး၍ ထောင်ချခြင်းများနှင့် မြန်မာပြည်သို့ ပြန်ပို့ခံနေကြရသည်။

## ၃။ စစ်ပဋိပက္ခကြားမှ အမျိုးသမီးများ၏ အခြေအနေများ

မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေး အင်စတီကျု (ISP Myanmar)၏ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့ ထုတ်ပြန်ချက်အရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက် စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံတဝန်း စစ်ပွဲပေါင်း ၇,၈၀၀ ကျော် ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။[11] ၂၀၂၃ ခုနှစ် မတ်လအတွင်း အကြမ်းဖက်စစ်တပ် နှင့် ဒေသခံကာကွယ်တပ်ဖွဲ့တို့ကြား တိုက်ပွဲများ ပြင်းထန်နေသည့် ရှမ်းပြည်နယ်တောင်ပိုင်း ပင်လောင်းဒေသတွင် အကြမ်းဖက် စစ်တပ်၏ လက်အောက်ခံ တပ်မ (၆၆) သည် နမ်းနိန်းကျေးရွာမှ ရဟန်းသံဃာ (၃) ဦး အပါအဝင် ဒေသခံ (၃၃) ဦးတို့အား အစုလိုက် အပြုံလိုက် သတ်ဖြတ်မှု ကျူးလွန်ခဲ့

---

[7] Action Committee for Democracy Development, 22nd March 2023. https://www.facebook.com/acdd.burma/posts/pfbid02tQ7uFsF49npiZ1BRqRJ1Sngkj3BdCjpmyvwvx1QvVu5xiJLRgV52v5Rx4418vhqEl


[8] Myanmar Labour News, 10th March 2023. https://www.myanmarlabournews.com/news/656

[9] Myanmar Labour News, 6th March 2023. https://www.facebook.com/myanmarlabournews/posts/pfbid0th3QyDAsjB7SkQu11zpb782NWJjVhxktuoN2iYKq92DZYPcgwkdCfzedhapcwHwnl

[10] Irrawaddy, 2nd March 2023. https://burma.irrawaddy.com/news/2023/03/02/258355.html

[11] ISP, 23rd Nov 2022. https://www.facebook.com/photo/?fbid=498696055625001&set=a.469106025250671

သည်။[12] တိုးတက်သော ကရင်နီပြည်သူ့အင်အားစု၏ ဖေဖော်ဝါရီလ (၁) ရက်နေ့ ထုတ်ပြန်ချက်အရ စစ်တပ်အာဏာသိမ်းပြီး နှစ်နှစ်တာ ကာလအတွင်း ကရင်နီပြည်နယ်တွင် တိုက်ပွဲပေါင်း ၅၀၀ ကျော်နှင့် လေကြောင်းတိုက်ခိုက်မှု ၂၀၀ နီးပါး ဖြစ်ပွားခဲ့သည်ဟု သိရှိရသည်။[13] ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် အကြမ်းဖက်စစ်တပ်တို့ကြား ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်းတွင်




တိုက်ပွဲပေါင်း (၄၃၆) ကြိမ် ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်စစ်တပ်ဘက်မှ လေကြောင်းတိုက်ခိုက်မှု (၅၇) ကြိမ်အထိ ပြုလုပ်၍ ဗုံး (၂၀၈) လုံးအထိ ကြဲချခဲ့ကြောင်း သိရှိရသည်။[14]

ထို့အပြင် အကြမ်းဖက်စစ်တပ် သည် ၎င်းတို့ ဝင်ရောက်ခဲ့သည့် ဒေသများတွင် ကျေးရွာများအား မီးရှို့ခြင်းကြောင့် စစ်အာဏာသိမ်းပြီးနောက်ပိုင်း ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈) ရက်နေ့ထိ အရပ်သား ပြည်သူ နေအိမ်ပေါင်း ၆၀,၄၅၉ လုံး ပျက် စီးဆုံးရှုံးခဲ့ရကြောင်း သိရှိရသည်။[15] ထိုကဲ့သို့ စစ်ပဋိပက္ခများအတွင်း လက်နက်ကြီး ထိမှန်မှုများ၊ လေကြောင်း တိုက်ခိုက်မှုများနှင့် စစ်ကြောင်း ထိုးမှုများကြောင့် အမျိုးသမီး သေဆုံးမှုများရှိနေပြီး အကြမ်းဖက်စစ်တပ်၏ ဖမ်းဆီးမှုခံရကာ အသတ်ခံရသည့် အမျိုးသမီးများတွင် လိင်အကြမ်းဖက်ခံထားရသည့် လက္ခဏာများလည်း တွေ့ရှိရသည်များ ရှိနေသည်။[16] မြန်မာ့အမျိုး သမီးသမဂ္ဂ၏ လစဉ် အချက်အလက် စုဆောင်းချက်များအရ ယခု ၃ လတာအတွင်း အမျိုးသမီးသေဆုံးမှုများတွင် စစ်ပဋိပက္ခကြောင့် သေဆုံးမှုများ အများဆုံးဖြစ်ကြောင်း တွေ့ရှိရသည်။

## ၄။ စစ်ရှောင်များ အခြေအနေ

အကြမ်းဖက်စစ်တပ်မှ အရပ်သားပြည်သူများ နေထိုင်ရာ ကျေးရွာများနှင့် စစ်ဘေးရှောင်စခန်းများကိုပါ ဦးတည် တိုက်ခိုက်မှုများကို ဆက်တိုက်လုပ်ဆောင်နေသည်။ ကရင်နီပြည်၊ ဒီးမော့ဆို အရှေ့ဘက်ခြမ်း ခြောက်မိုင်အုပ်စုအတွင်းသို့ စစ်ကြောင်း

---

[12] RFA Burmese, 16th March 2023. https://www.facebook.com/profile/100064542350311/search/?q=%E1%80%94%E1%80%94%E1%80%BA%E1%80%B8%E1%80%94%E1%80%AD%E1%80%99%E1%80%B7%E1%80%BA%E1%80%80%E1%80%BB%E1%80%B1%E1%80%B8%E1%80%9B%E1%80%BD%E1%80%AC
[13] Kantarrawaddy Times, 5th Feb 2023. https://web.facebook.com/KantarawaddyTimes/posts/pfbid03B2KDn2FbRUCeqKBWAfL62Y5SDjUm9aVE9r8kd1j8PbFTHwo4VS3ukHFU1Z8KT5Xl
[14] RFA, 14th February 2023. https://web.facebook.com/rfaburmese/posts/pfbid02SRmTPW6jXWWGgyPZNYqHqK3GKfC529GL3PfhiT9xas2CfsCVrJaay8474twbEoU3l
[15] Data for Myanmar, 20th March 2023. https://www.datawrapper.de/_/tuoS4/?fbclid=IwAR2ZBHMuL3ktlU9nbw3X0ntjCbx7oUsQhmM1wn-Xv51Bzi04Jsv0l63i8Es
[16] RFA Burmese, 7th March 2023. https://www.facebook.com/rfaburmese/posts/1174839723175634/

ထိုးလာသည့် အကြမ်းဖက် စစ်တပ်သည် လက်နက်ကြီးများဖြင့် အဆက်မပြတ် ပစ်ခတ်မှုကြောင့် လူဦးရေ တစ်ထောင်ကျော်ရှိသည့် စစ်ရှောင်စခန်း (၃) ခု ထပ်မံ ရွှေ့ပြောင်းခဲ့ကြရသည်။[17] ပဲခူးတိုင်း၊ ညောင်လေးပင်ခရိုင်၊ ကျောက်ကြီး မြို့နယ်တွင် လည်း အကြမ်းဖက်စစ်တပ် လက်အောက်ခံ ခလရ (၆၀) မှ မတ်လ ၁၈ ရက်နေ့တွင် လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းကြောင့် ကျေးရွာလေးရွာမှ ဒေသခံ (၂၆၉၆) ဦး အိုးအိမ် စွန့်ခွာထွက်ပြေးနေရကြောင်း သိရှိရသည်။[18]

ထိုသို့သော အရပ်သားများအပေါ် ဦးတည်တိုက်ခိုက်ခြင်းများကြောင့် တိုးလာလျှက်ရှိသည့် စစ်ဘေးရှောင် စခန်းများ၌ စားနပ်ရိက္ခာများ ပြတ်လပ်နေသည့်အပြင် နွေဦးကာလ ရေရှားပါးမှုကို စတင်ရင်ဆိုင်နေကြရသည်။ ကရင်နီပြည်၊ ဒီးမော့ဆို အရှေ့ဘက်ခြမ်းမှ ထပ်မံရွှေ့ပြောင်းရသည့် စစ်ဘေးရှောင်များ သွားရောက် နေထိုင်ရသည့် ဒေသများသည် ရေထွက်ပေါက်နည်းသည့် ဒေသများဖြစ်သည်။ ထိုဒေသတွင် ယခင်ရှိနှင့်ပြီးသား စစ်ရှောင်များမှာလည်း ရေကို မျှဝေသုံးစွဲနေကြရသည့်အတွက် ထပ်မံတိုးလာသည့် စစ်ဘေးရှောင်များမှာ ရေရှားပါးမှု ပြဿနာကို ရင်ဆိုင်နေရသည်။ ကရင်နီပြည်၊ ဖရူဆိုမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် စစ်ဘေးရှောင်စခန်းအချို့တွင် ကျန်းမာရေး စောင့်ရှောက်မှု မရရှိသည့်အတွက် ကလေးသူငယ်၊ ကျောင်းသား၊ ကျောင်းသူတွေအပါအဝင် အသက် ၆၀ ကျော်အရွယ်တို့တွင် အရေပြားရောဂါ ဖြစ်နေသည်။[19]

အကြမ်းဖက်စစ်တပ်မှ မကြာခဏ စစ်ကြောင်းထိုး ဝင်ရောက်နေသည့် စစ်ကိုင်းတိုင်း၊ ဆားလင်းကြီးမြို့နယ်တွင် ထွက်ပြေးတိမ်းရှောင်နေကြရသည့် စစ်ဘေးရှောင် တစ်သောင်းကျော်တို့တွင်လည်း ဆန်၊ ဆီ၊ ဆား ၊ ငါးပိ စသည့် စားနပ်ရိက္ခာများ လိုအပ်နေသည်။[20] အကြမ်းဖက်စစ်တပ်သည် ကျေးရွာများသို့ ဝင်ရောက်စီးနင်း မီးရှို့ရာတွင် နေအိမ်အပါအဝင် ဒေသခံများ သိုလှောင်ထားသည့် ဆန်၊ စပါးများကိုပါ အဓိကထား မီးရှို့နေသည်ကိုလည်း တွေ့ရှိရသည်။

## ၅။ သုံးသပ်ချက်များ

အကြမ်းဖက်စစ်တပ် အာဏာသိမ်းသည့် နှစ်နှစ်ကျော်ကာလအတွင်းတွင် ဖိုဝါဒကြီးစိုးမှုများ ပိုမိုများပြားလာသည်ဟု ဝေဖန်ထောက်ပြမှုများ ရှိနေသည်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု ဆွေးနွေးဝိုင်းများနှင့် စကားဝိုင်းများတွင် အမျိုးသမီးများ၏ အသံများကို ထည့်သွင်းခြင်း မရှိသည့်အခြေအနေများကို **“ဖိုဝါဒ လွှမ်းမိုးသော စကားဝိုင်းများ ဓာတ်ပုံပြပွဲ”** မှ မီးမောင်းထိုးပြနေသည်။ ထို့ကြောင့် ကျား-မတန်းတူရေးနှင့် အမျိုးသမီးပါဝင်ရေးအား အကောင်အထည်ဖော်ရာတွင် အမျိုးသမီး အနည်းဆုံး (၃၀) ရာခိုင်နှုန်း မူဝါဒများ ချမှတ်ခြင်းသည် လုံလောက်မှု မရှိတော့ဘဲ လက်တွေ့အကောင်အထည်ဖော်ရန်ပါ လိုအပ်နေသည်ကို မိမိတို့မှ သုံးသပ်တွေ့ရှိရသည်။ ထိုသို့အကောင်အထည်ဖော်ရာတွင်လည်း အဖွဲ့အစည်းအလိုက်အပြင် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းစီမှ အမျိုးသမီးများ အဓိပ္ပာယ်ရှိသော ပါဝင်ရေးဖြစ်ရန်အတွက် အမျိုးသမီးများ၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားခြင်းဖြင့် အထူးဖော်ဆောင်ရန် လိုအပ်နေပေသည်။ ထို့အပြင် ဖယ်ဒရယ် ဒီမိုကရက်တစ် နိုင်ငံတော် ထူထောင်ရေးနှင့်

---

[17] Kantarrawaddy Times, 28th January 2023.
https://web.facebook.com/KantarawaddyTimes/posts/pfbid0GUGLb1xfjt84pAuAhGo97kQR2n1GSY8PHgN1JQcdwUoqaE8HvV5azPpTMo9WiM5Bl
[18] RFA, 19th March 2023.
https://www.facebook.com/rfaburmese/posts/pfbid032bqVaWfpw6PMA2aVCF8Gw5vfyoe1VV9pnbBnF154UwfH21qcCWW4NS3vEkHTquWQl
[19] Kantarrawaddy Times, 8th March 2023.
https://www.facebook.com/KantarawaddyTimes/posts/pfbid02x9mZfFqNoD1vR9ffFJ4Ci41Gcymt3UuTKxc21AvWB8skwZey1WLWMDPCHaaFyhogl
[20] RFA, 31st January 2023.
https://web.facebook.com/rfaburmese/posts/pfbid08X5519iREYuHgwwXL2E5G53Dqi4BYtabvRYaUtyQAtrQn1HmH1pMkbKAqhDs5WxAl

တန်းတူရေးကို ဖော်ဆောင်ရာတွင် အမျိုးသားများသာ ကြီးစိုးသည့် စကားဝိုင်းများ၊ အပြောအဆိုများနှင့်အတူ ကျား၊မ တန်းတူရေးနှင့် ပတ်သက်၍ ဖိုဝါဒကြီးစိုးသည့် အတွေးအခေါ်အယူအဆများကိုလည်း ချန်လှပ်ခဲ့ရန် လိုအပ်ပေသည်။

အမျိုးသမီးအခွင့်အရေးဆိုးရွားစွာ ချိုးဖောက်ခံနေရသည့် အကျဉ်းထောင်တွင်းရှိ အမျိုးသမီးနိုင်ငံရေးအကျဉ်းသူများ၏ အခြေအနေမှာ အရေးပေါ်ကိုင်တွယ်ဖြေရှင်းရန် လိုအပ်နေသည်။ သတင်းအမှောင်ချခံထားရသည့် နိုင်ငံရေးအကျဉ်းသူများသည် အကြမ်းဖက်စစ်တပ် လက်အောက်ခံ ထောင်အာဏာပိုင်တို့၏ မတရားညှဉ်းပမ်းနှိပ်စက်မှုများအောက်တွင် လူ့ဂုဏ်သိက္ခာများ ဆုံးရှုံးနေရသည့်အပြင် အသက်အန္တရာယ်နှင့် ရင်ဆိုင်နေရသဖြင့် အထူးစိုးရိမ်ဖွယ်ရာ အခြေအနေဖြစ်နေသည်။ အဖမ်းခံရပြီး သတင်းအစအန ပျောက်ဆုံးနေသည့် အမျိုးသမီးများလည်း ရှိသည့်အတွက် ထိုအမျိုးသမီးတို့၏ အခြေအနေနှင့် ၎င်းတို့ ရင်ဆိုင်ကြုံတွေ့နေရသည့် ညှဉ်းပမ်းနှိပ်စက်မှုများ မသိရှိရသည့် အခြေအနေမှာလည်း စိန်ခေါ်မှုတခုဖြစ်သည်။ ထို့အပြင် အကျဉ်းထောင်မှ ပြန်လည် လွတ်မြောက်လာသော အမျိုးသမီးများ အတွက်လည်း စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာသော်လည်းကောင်း လိုအပ်သော အစီအမံများကို အမျိုးသားညီညွတ်ရေးအစိုးရ(NUG) မှ ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ပါသည်။

စီးပွားရေးအကြပ်အတည်းကြား စားဝတ်နေရေး ဖြေရှင်းရန်  မြို့ပေါ်တက်၍သော်လည်းကောင်း၊ ပြည်ပထွက်ခွာ၍သော်လည်းကောင်း အလုပ်ရှာကြသော အမျိုးသမီးများသည် လူကုန်ကူးခံရမှု အန္တရာယ်နှင့် ပွဲစားများ၏ ခေါင်းပုံဖြတ် လိမ်လည်မှုတို့အတွက် အရေးယူတိုင်ကြားပေးနိုင်သည့် ယန္တရားများ ပျောက်ဆုံးနေသည်ကို တွေ့ရသည်။ ထိုသို့သော တရားမျှတမှု ရှာဖွေရေး ပျက်သုဉ်းနေမှုကို အခွင့်ကောင်းယူ၍ မသမာသူများသည်လည်း ဥပဒေများကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်နေသည်။ ထို့ကြောင့် ၎င်းအခြေအနေများသည်လည်း အမြန်ဆုံးကိုင်တွယ်ဖြေရှင်းရန် လိုအပ်သည့် အခြေအနေများဖြစ်သည်။

ထို့အပြင် အလုပ်သမားများသည်လည်း အလုပ်ရှင်နှင့် အထက်အရာရှိတို့၏ အလုပ်သမား အခွင့်အရေး ချိုးဖောက်မှုများကို ခံနေကြရသည်။ အမျိုးသမီး အလုပ်သမားများသည် အလုပ်ရှင်နှင့် အထက်အရာရှိတို့၏ လိင်ပိုင်းဆိုင်ရာ ကျူးလွန်ခြင်းများကိုပါ ခံရနိုင်ရသည့် အခြေအနေများ ရှိနေသည်။ ထိုသို့သော အခြေအနေများကို ကူညီဖြေရှင်းပေးရန် ဖွဲ့စည်းထားသည့် အလုပ်သမားသမဂ္ဂများသည်လည်း အကြမ်းဖက်စစ်တပ်၏ အာဏာသိမ်းရန် ကြိုးပမ်းမှုကာလနောက်ပိုင်း ဖမ်းဝရမ်းထုတ် ခြင်းများကြောင့် ပုံမှန်လည် ပတ်နိုင်ခြင်း မရှိကြပေ။ ထိုသို့သော အလုပ်သမား အခွင့်အရေးချိုးဖောက်ခံရမှုများကို ကူညီဖြေရှင်းပေးသည့် အဖွဲ့အစည်းများ မရှိပါက အလုပ်သမားများပေါ် ခေါင်းပုံဖြတ်၊ မတရားဖိနှိပ်ခိုင်းစေခြင်းများ ပိုမို ဖြစ်ပွားလာနိုင်သည့် အလားအလာများ ရှိနေသည်။

စစ်ပွဲပဋိပက္ခ ဖြစ်ပွားရာဒေသများတွင် အကြမ်းဖက် စစ်တပ်မှ ကျေးရွာများသို့ ဝင်ရောက်စီးနင်းချိန်၌ တွေ့ရှိသော မည်သည့် အရပ်သားမဆို ရက်စက်စွာ အစုလိုက်၊ အပြုံလိုက် သတ်ဖြတ်ခြင်းတို့ဖြင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို ကျူးလွန်လျှက် ရှိနေသည်။ အကြမ်းဖက်စစ်တပ်မှ ဖမ်းဆီးခံရသည့် အမျိုးသမီးများအား သတ်ဖြတ်မှုများအပြင် လိင်အကြမ်းဖက်မှုများကိုပါ ကျူးလွန်နေသည်ကို တွေ့ရှိရသဖြင့် အကြမ်းဖက်စစ်တပ်သည် မုဒိမ်းကျင့်ခြင်းကို စစ်လက်နက်သဖွယ် အသုံးပြုနေကြောင်းကို မီးမောင်းထိုးပြနေသည်။ သို့သော်လည်း နိုင်ငံတကာ ရာဇဝတ်မှုများကို ပြောင်ပြောင်တင်းတင်း ကျူးလွန်နေသည့် အကြမ်းဖက်စစ်တပ်အား နိုင်ငံတကာအစိုးရများမှ ထိရောက်သော အရေးယူမှုများကို လုပ်ဆောင်ရန် ပျက်ကွက်နေသည်။

စစ်ပွဲများ ဖြစ်ပွားရာဒေသများတွင် ကျေးရွာများနှင့် စစ်ဘေးရှောင် စခန်းများအား အကြိမ်ပေါင်းများစွာ လက်နက်ကြီးများဖြင့် အဆမတန် ပစ်ခတ်ခြင်းနှင့် လေကြောင်းဖြင့် ဗုံးကြဲခြင်းတို့ကိုလည်း ဆက်တိုက် လုပ်ဆောင်နေသည်။ ထို့ကြောင့် အကြမ်းဖက်စစ်တပ်သည် ဂျီနီဗာကွန်ဗန်းရှင်းပါ စစ်ပဋိပက္ခအတွင်း လိုက်နာရမည့် ကျင့်ထုံးများကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်နေသည်ကို တွေ့ရှိရသည်။ ပွင့်လင်းရာသီ ရောက်ရှိလာသည့်အတွက် အကြမ်းဖက်စစ်တပ်သည် လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းနှင့် လေကြောင်း စစ်ဆင်ရေးတို့ကို ပိုမိုလုပ်ဆောင်လာမည့် အလားအလာ ရှိသည့်အတွက် အကြမ်းဖက်စစ်တပ်အား လက်နက်တင်ပို့ရောင်းချမှုများကို ထိရောက်စွာ ပိတ်ပင်ရန် လိုအပ်နေသည်။

အကြမ်းဖက်စစ်တပ်၏ မတရားထိုးစစ်ဆင်၍ သတ်ဖြတ်ခြင်း နှင့် မီးရှို့ခြင်းတို့ကြောင့် ထွက်ပြေး တိမ်းရှောင်ရသည့် ပြည်သူလူထုများတွင် အမျိုးသမီးများလည်း အဓိကပါဝင်သည်။ ရုတ်တရက် ထွက်ပြေးတိမ်းရှောင်ရသည့် အခြေအနေများကြောင့် အမျိုးသမီးများသည် လိုအပ်သော ပစ္စည်းများကို သယ်ဆောင်နိုင်ခြင်း မရှိပေ။ ထို့ကြောင့် စစ်ဘေးရှောင် စခန်းတွင် အမျိုးသမီးများသည် စိန်ခေါ်မှုများနှင့် ပို၍ရင်ဆိုင်နေရသည်။ ထို့ကြောင့် လူသားချင်းစာနာ ထောက်ထားမှု အကူအညီများ ပေးအပ်ရာတွင် အမျိုးသမီးများ၏ လိုအပ်ချက်များကိုလည်း အဓိကထားထည့်သွင်း စဉ်းစားရန် လိုအပ်နေသည်။

စစ်ရှောင်ဦးရေမှာ ပိုမိုတိုးလာလျှက်ရှိပြီး နေရပ်ပြန်နိုင်ခြင်း မရှိသည့်အတွက် စစ်ဘေးရှောင် ပြည်သူများအတွက် စားဝတ်နေရေးနှင့် ရေရှည်ရပ်တည်နိုင်ရေးအတွက် အကူအညီထောက်ပံ့မှုများနှင့် စီမံဆောက်ရွက်မှုများတွင် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များနှင့်အညီ ထိရောက်သည့် ရေတို၊ ရေလတ်၊ ရေရှည် စီမံကိန်းများကို ဖော်ဆောင်ရန် လိုအပ်ပါသည်။